ILS EQUAL ACCESS TO JUSTICE

# IMMIGRANT SAFETY AND EMERGENCY PLANNING
# နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှရွှေ့ပြောင်းလာရောက်နေထိုင်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရေးပေါ် စီမံချက် ရေးဆွဲခြင်း

There is a lot of anxiety and fear because of the government threat of mass deportations. This packet helps parents create a legal plan for the care of their children should they be detained or deported. This packet has 3 sections:

အစုလိုက်အပြုံလိုက် ပြည်နှင်ဒဏ်ပေးမည်ဆိုသည့် အစိုးရ၏ခြိမ်းခြောက်မှုကြောင့် စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့မှုများစွာရှိနေကြပါသည်။ ဤပက်ကေ့ချ်သည် မိဘများအနေဖြင့် ဖမ်းဆီးထိန်းသိမ်းခံရ ပါက သို့မဟုတ် ပြည်နှင်ဒဏ်ပေးခံရပါက ၎င်းတို့၏ကလေးများကို ပြုစုစောင့်ရှောက်ပေးနိုင်မည့် ဥပဒေရေးရာအစီအစဉ်တစ်ခုကို မိဘများဖန်တီးရာတွင် အထောက်အပံ့ဖြစ်စေပါသည်။ ဤ ပက် ကေ့ချ်တွင် အပိုင်း 3 ပိုင်း ပါရှိပါသည်။

**Power of Attorney Forms**
**ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာဖောင်များ**

**Other Safety Planning**
**ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ အခြားစီမံချက်ရေးဆွဲ ခြင်း**

**Know Your Rights**
**သင့်အခွင့်အရေးများကို သိနားလည်ပါ**

This document is not legal advice. It only gives general information. This packet is made under Indiana law and for people who reside in Indiana. If you and your child reside in another state, do not use this packet.

ဤစာရွက်စာတမ်းသည် ဥပဒေရေးရာအကြံဉာဏ်တစ်ခုမဟုတ်ပါ။ ၎င်းသည် ယေဘူယျအချက် အလက်များကိုသာပေးပါသည်။ ဤပက်ကေ့ချ်ကို အင်ဒီယားနားပြည်နယ်ဥပဒေနှင့်အညီ အင်ဒီ ယားနားပြည်နယ်တွင်နေထိုင်သူများအတွက် ပြုလုပ်ထားခြင်းဖြစ်ပါသည်။ သင်နှင့် သင့်ကလေး သည် အခြားပြည်နယ်တစ်ခုတွင်နေထိုင်ပါက ဤပက်ကေ့ချ်ကို အသုံးမပြုရ။

# Power of Attorney Forms

ကိုယ်စားလှယ်လွှဲစာဖောင်များ

မြန်မာဘာသာဖြင့်ရေးသားထားသည့်ဤအချက်အလက်များကို နောက်စာမျက်နှာတွင် တွေ့နိုင်ပါသည်။

**What do these forms do?**

These documents let you name a person who will care for your children if you become detained or deported. Indiana law calls this person an attorney-in-fact. Most people also call them their "POA."

These forms let you say who has the right to act as your child's parent until your child is 18 years old or you can take care of your child again. The POA has the to make decisions for your child like getting medical care, schooling. The POA has the responsibly to care for your child day to day by giving them a safe place to live, feeding, and clothing them.

These forms do not create a legal guardianship for your child . That is called a minor guardianship and is something only a court can do. Information about that is at [https://indianalegalhelp.org/legal-topic-category/minor-child-guardianship/](https://indianalegalhelp.org/legal-topic-category/minor-child-guardianship/)

**Do you need these forms?**

You may need these forms if you want to control who will take care of your child if you cannot take care of them.

If both of your child's parents could be detained or deported, then each parent should sign a Power of Attorney document. It is best if both parents say the same person will be their attorney in fact.

You don't need these forms if your child's other parent is a US Citizen or is not at risk of deportation or detention **and** has custody or parenting time (also called visitation) with your child. This is because the law says your child's other parent will have custody of your child, unless there is a court order saying different.

You may also need these forms if there is no other parent listed on the child's birth certificate, no person has signed a paternity affidavit, or if a court has not said who the other parent is. A court would say that in a custody order, a divorce decree, a visitation order, or an adoption decree.

**Who should I name as my attorney-in-fact/POA?**

The person you choose should be someone you know and trust to provide proper care for your child. Make sure you talk to the person you want choose to see if that person is willing and able to care for your child.

**If I sign these forms, will I lose custody of my children?**

NO. The documents only allow the other person to care for your children if you become detained or deported. You can cancel or revoke these documents later.

**ဤဖောင်များဖြင့် မည်သည့်အရာများကို ဆောင်ရွက်ပေးပါသနည်း။**

အကယ်၍ သင် ဖမ်းဆီးထိန်းသိမ်းခံရပါက သို့မဟုတ် ပြည်နှင်ဒဏ်ပေးခံရပါက သင့်အနေဖြင့် သင့် ကလေးများကို ပြုစုစောင့်ရှောက်ပေးမည့်သူတစ်ဦးအား ဤစာရွက်စာတမ်းများဖြင့် ခန့်အပ်စေနိုင်ပါ သည်။ အင်ဒီယားနားပြည်နယ်ဥပဒေမှ အဆိုပါပုဂ္ဂိုလ်အား သင့်ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူဟု ခေါ်ဆိုပါသည်။ လူအများစုသည် ၎င်းတို့ကို ၎င်းတို့ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာ "POA" ဟုလည်း ခေါ်ဆိုကြပါသည်။

သင့်ကလေးအသက် 18 နှစ်မပြည့်မချင်း သင့်ကလေး၏မိဘအဖြစ် မည်သူ့တွင်ဆောင်ရွက်ပိုင်ခွင့်ရှိ သည်ဆိုသည်ကို သို့မဟုတ် သင့်အနေဖြင့် သင့်ကလေးအား ပြန်လည်ပြုစုစောင့်ရှောက်နိုင်သည် ဆို သည်ကို ဤဖောင်များဖြင့် သင့်အားပြောရေးဆိုခွင့်ရှိနိုင်စေပါသည်။ POA တွင် သင့်ကလေးအတွက် ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုခံယူခြင်း၊ ပညာသင်ခြင်းကဲ့သို့သော ဆုံးဖြတ်ချက်များ ချမှတ်ပိုင်ခွင့် ပါရှိပါသည်။ POA တွင် သင့်ကလေးများနေထိုင်ရန်အတွက်ဘေးကင်းလုံခြုံစိတ်ချရသော နေရာတစ်ခု ပေးခြင်း၊ သင့်ကလေးများအားကျွေးမွေးခြင်းနှင့် အဝတ်အစားများဆင်ယင်ပေးခြင်းဖြင့် ၎င်းတို့အား နေ့စဉ်ဂရုစိုက်ပေးရမည့်တာဝန် ပါရှိပါသည်။

ဤဖောင်များဖြင့် သင့်ကလေးအား ဥပဒေအရတရားဝင်အုပ်ထိန်းခွင့်ရရှိရေးကို မဖန်တီးပေးနိုင်ပါ။ ၎င်း အုပ်ထိန်းခွင့်ကို အရွယ်မရောက်သေးသည့်ကလေးအားအုပ်ထိန်းခွင့်ဟုခေါ်ပြီး တရားရုံးတစ်ခုမှ သာ လုပ်ဆောင်နိုင်သောအရာဖြစ်သည်။ ၎င်းအုပ်ထိန်းခွင့်နှင့်ပတ်သက်သည့် အချက်အလက်များကို [https://indianalegalhelp.org/legal-topic-category/minor-child-guardianship/](https://indianalegalhelp.org/legal-topic-category/minor-child-guardianship/) တွင် ကြည့်ရှုနိုင်ပါသည်။

**ဤဖောင်များကို သင်လိုအပ်ပါသလား။**

သင့်အနေဖြင့် သင့်ကလေးကို မပြုစုမစောင့်ရှောက်နိုင်ပါက သင့်ကလေးအား ပြုစုစောင့်ရှောက်ပေး မည့်သူအား သင်ထိန်းချုပ်လိုပါက ဤဖောင်များကို သင်လိုအပ်နိုင်ပါသည်။

အကယ်၍ သင့်ကလေး၏မိဘနှစ်ပါးစလုံးသည် ဖမ်းဆီးထိန်းသိမ်းခံရပါက သို့မဟုတ် ပြည်နှင်ဒဏ်ပေးခံ ရပါက မိဘတစ်ဦးစီသည် ၎င်းတို့ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာဆိုင်ရာစာရွက်စာတမ်းကို လက် မှတ်ရေးထိုးသင့်ပါသည်။ အကယ်၍ လူပုဂ္ဂိုလ်တစ်ဦးတည်းကိုသာ ၎င်းတို့၏ကိုယ်စား ဆောင်ရွက်ပိုင် ခွင့်ရှိသူအဖြစ် အတူတူခန့်အပ်မည်ဟု မိဘနှစ်ပါးစလုံးကဆိုထားပါက အကောင်းဆုံးပင်ဖြစ်ပါသည်။

အကယ်၍ သင့်ကလေး၏အခြားမိဘသည် အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ပါက သို့မဟုတ် ပြည်နှင်ဒဏ် ပေးခံရနိုင်ခြေမရှိပါက သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းခံရနိုင်ခြေမရှိပါက **နှင့်** သင့်ကလေးအား အုပ်ထိန်းပိုင် ခွင့် သို့မဟုတ် မိဘနှင့်ကလေးအတူတူအချိန်ကုန်ဆုံးပိုင်ခွင့် (လည်ပတ်တွေ့ဆုံခွင့်ဟုလည်းခေါ်သည်) ရှိပါ က ဤဖောင်များကို သင်မလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် အုပ်ထိန်းခွင့်နှင့်ပတ်သက်၍ တရားရုံးတစ်ခုမှ တစ်မျိုးတစ်မည် အမိန့်မထုတ်မထားမချင်း သင့်ကလေး၏ အခြားမိဘများတွင် အုပ်ထိန်းခွင့်ရှိမည် ဖြစ် သည်ဟု ဥပဒေမှ ဖော်ပြထားသောကြောင့်ဖြစ်သည်။

ကလေး၏မွေးစာရင်းတွင်ဖော်ပြထားသောအခြားမိဘမရှိပါက ကလေး၏ဖခင်ဖြစ်ကြောင်းကျမ်းကျိန် လွှာကို မည်သူကမျှ လက်မှတ်မထိုးထားပါက သို့မဟုတ် တရားရုံးမှ အခြားမိဘသည် မည်သူဖြစ်သည် ဆို သည်ကို မဖော်ပြထားပါက သင်သည်ဤဖောင်များကိုလည်း လိုအပ်နိုင်ပါသည်။ တရားရုံးတစ်ခုမှနေ၍ အုပ်ထိန်းခွင့်အမိန့်၊ ကွာရှင်းခွင့်အမိန့်၊ လည်ပတ်တွေ့ဆုံခွင့်အမိန့် သို့မဟုတ် မွေးစားခွင့်အမိန့်ဟူ၍ ထုတ် ပြန်ပေးရမည်ဖြစ်သည်။

**ကျွန်ုပ်အနေဖြင့် မည်သူ့ကို ကျွန်ုပ်ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူ/POA အဖြစ် ခန့်အပ်သင့်ပါသနည်း။**

သင်ရွေးချယ်ထားသောသူသည် သင့်ကလေးအတွက် သင့်လျော်ကောင်းမွန်သောပြုစုစောင့်ရှောက်မှုပေး နိုင်မည်ဟု သင်သိထားပြီး ယုံကြည်စိတ်ချရသူတစ်ဦးဖြစ်သင့်ပါသည်။ ၎င်းပုဂ္ဂိုလ်သည် သင့်ကလေး အား ပြုစုစောင့်ရှောက်လိုစိတ်ရှိ၊ မရှိနှင့် ပြုစုစောင့်ရှောက်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိနိုင်ရန်အတွက် သင်ရွေးချယ် လိုသောသူနှင့် သင်ဆွေးနွေးပြောဆိုထားကြောင်း သေချာပါစေ။

**အကယ်၍ ကျွန်ုပ်အနေဖြင့် ဤဖောင်များကို လက်မှတ်ထိုးလိုက်ပါက ကျွန်ုပ်အနေဖြင့် ကျွန်ုပ်၏ ကလေးများကို အုပ်ထိန်းခွင့် ဆုံးရှုံးမည်လား။**

မဆုံးရှုံးပါ။ အကယ်၍ သင် ဖမ်းဆီးထိန်းသိမ်းခံရပါက သို့မဟုတ် ပြည်နှင်ဒဏ်ပေးခံရပါက သင့် ကလေးကို ပြုစုစောင့်ရှောက်ပေးနိုင်မည့် အခြားသူတစ်ဦးကိုသာ ဤစာရွက်စာတမ်းများဖြင့် ခွင့်ပြု ပါသည်။ သင့်အနေဖြင့် ဤစာရွက်စာတမ်းများကို နောက်ပိုင်းတွင် ပယ်ဖျက်နိုင်ပါသည် သို့မဟုတ် ရုပ်သိမ်းနိုင်ပါသည်။

မြန်မာဘာသာဖြင့်ရေးသားထားသည့်ဤအချက်အလက်များကို နောက်စာမျက်နှာတွင် တွေ့နိုင်ပါသည်။

## How to Fill out this form

1. **Review the forms.**

   Read and understand the document before you sign it. If you have questions about the form or other options for your children, don't sign the forms and talk to a qualified attorney.

   You can find legal help at https://indianalegalhelp.org/get-help/. Indiana Legal Services gives free legal help. Applications for legal help can be made by Calling 1-844-243-8570, Monday through Thursday 10 am to 2 pm EST, or Online anytime Monday through Friday at https://www.indianalegalservices.org/applyonline.

2. **Fill out the form everywhere you see this**

   Use people's full legal names. The name on the form should match the person's birth certificate, driver's license, or other government ID. Do not use nicknames on the forms.

   An alternate (successor) attorney in fact is a person who will act if your first-choice attorney in fact is unable or unwilling. You do need to pick a successor attorney in fact if you have someone who agrees to act as a backup attorney in fact.

3. **Do not Sign the Forms Until You Are In Front of a Notary Public!**

   The form must be signed in front of a notary public. A notary public is not the same as a "notario." In the United States, a notary public certifies official documents and is usually not a lawyer. Notaries public who are not a lawyer cannot give legal advice. Do not rely on legal advice from a notary public that is not a lawyer.

   You can find a notary at most banks. Some notaries will charge a fee to notarize, but it can't be more than $10 per signature. For these documents, you should not be charged more than $10.00. You will need to take a photo ID with you when you go to have the form notarized.

## ဤဖောင်ကို မည်သို့ဖြည့်ရမည်နည်း

### 1. ဖောင်များကို ပြန်လည်ဆန်းစစ်ပါ။

သင် ဤဖောင်ကို လက်မှတ်မထိုးခင် စာရွက်စာတမ်းကို ဖတ်ပြီး နားလည်သဘောပေါက်အောင် လုပ်ထားပါ။ သင့်ကလေးအတွက် ဖောင် သို့မဟုတ် အခြားရွေးချယ်စရာများအကြောင်းနှင့်ပတ် သက်၍ သင့်တွင် မေးစရာများရှိပါက ဖောင်များကို လက်မှတ်မထိုးဘဲ အရည်အချင်းပြည့်မီသော ရှေ့နေတစ်ဦးနှင့် ဆွေးနွေးပါ။

ဥပဒေရေးရာအကူအညီကို https://indianalegalhelp.org/get-help/ တွင် သင်ရှာဖွေနိုင်ပါ သည်။ အင်ဒီယားနားပြည်နယ်ဥပဒေရေးရာဝန်ဆောင်မှုများသည် ဥပဒေရေးရာနှင့်ပတ်သက်၍အခမဲ့ အကူအညီပေးပါသည်။ ဥပဒေရေးရာအကူအညီရရှိနိုင်ရန်အတွက် လျှောက်လွှာများကို တနင်္လာနေ့ မှ ကြာသပတေးနေ့အထိ၊ အရှေ့တိုင်းစံတော်ချိန်၊ မနက် 10 နာရီမှ ညနေ 2 နာရီအထိ၊ 1- 844-243-8570 ကို ခေါ်ဆို၍ ရယူနိုင်ပါသည် သို့မဟုတ် https://www.indianalegalservices.org/applyonline သို့ ဝင်ရောက်၍ တနင်္လာနေ့မှ သောကြာနေ့အထိ အွန်လိုင်းပေါ်မှတဆင့် အချိန်မရွေး ရယူနိုင်ပါသည်။

### 2. ဤ 🖉 ကို သင်မြင်ရသည့်နေရာတိုင်းတွင် ဖောင်ဖြည့်ပေးပါ

လူပုဂ္ဂိုလ်များ၏တရားဝင်အမည်အပြည့်အစုံကို အသုံးပြုပါ။ ဖောင်ပေါ် ရှိ အမည်သည် လူပုဂ္ဂိုလ် တစ်ဦး၏ မွေးစာရင်း၊ ယာဉ်မောင်းလိုင်စင် သို့မဟုတ် အခြားအစိုးရ ID နှင့် ကိုက်ညီရမည်ဖြစ်သည်။ ဖောင်များတွင် နာမည်ပြောင်များ မသုံးရ။

အကယ်၍ သင်အရင်ဦးဆုံးရွေးချယ်ထားသောသင့်ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူသည် သင့်ကိုယ် စားမဆောင်ရွက်နိုင်တော့ပါက သို့မဟုတ် ဆောင်ရွက်လိုစိတ်မရှိတော့ပါက သင့်ကိုယ်စားဆောင် ရွက်ပိုင်ခွင့်ကို အစားထိုး (ဆက်ခံမည့်) သူသည် သင့်ကိုယ်စားဆောင်ရွက်ပေးမည့်သူတစ်ဦး ဖြစ်ပါ သည်။ အကယ်၍ သင့်တွင် သင့်ကိုယ်စား အရန်ရှေ့နေအဖြစ် လုပ်ဆောင်ရန် သဘောတူထားသည့်သူ တစ်ဦးရှိပါက ဆက်ခံမည့် ရှေ့နေတစ်ဦးကို သင်ရွေးချယ်ရန် လိုအပ်ပါသည်။

### 3. စာချုပ်စာတမ်းဆိုင်ရာသက်သေခံပိုင်ခွင့်ရှိသူတစ်ဦး၏ ရှေ့မှောက်သို့ သင် မရောက်မချင်း ဖောင်များကို လက်မှတ်မထိုးပါနှင့်။

ဖောင်ကို စာချုပ်စာတမ်းဆိုင်ရာသက်သေခံပိုင်ခွင့်ရှိသူတစ်ဦး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး ရပါမည်။ စာချုပ်စာတမ်းဆိုင်ရာသက်သေခံပိုင်ခွင့်ရှိသူတစ်ဦးသည် " လူဝင်မှုကြီးကြပ်ရေးဥပဒေ အရ ခွင့်ပြုချက်မရှိဘဲ ဥပဒေရေးရာကိစ္စရပ်များကိုလုပ်ဆောင်သူ " တစ်ဦးနှင့်မတူပါ။ အမေရိကန် ပြည်ထောင်စုတွင် စာချုပ်စာတမ်းဆိုင်ရာသက်သေခံပိုင်ခွင့်ရှိသူတစ်ဦးသည် တရားဝင်စာရွက်စာ တမ်းများဖြစ်သည်မှာ မှန်ကန်ကြောင်းသက်သေခံပေးသော်လည်း များသောအားဖြင့် ၎င်းသည် ရှေ့နေတစ်ဦး မဟုတ်ပါ။ ရှေ့နေမဟုတ်သော စာချုပ်စာတမ်းဆိုင်ရာသက်သေခံပိုင်ခွင့်ရှိသူသည် ဥပဒေရေးရာအကြံဉာဏ်များကို မပေးနိုင်ပါ။ ရှေ့နေတစ်ဦးမဟုတ်သော စာချုပ်စာတမ်းဆိုင်ရာ သက်သေခံပိုင်ခွင့်ရှိသူတစ်ဦးထံမှ ဥပဒေ ရေးရာ အကြံဉာဏ်ကို အားမကိုးပါနှင့်။

ဘဏ်အများစုတွင် စာချုပ်စာတမ်းဆိုင်ရာသက်သေခံပိုင်ခွင့်ရှိသူတစ်ဦးကို သင်ရှာဖွေနိုင်ပါသည်။ စာချုပ်စာတမ်းဆိုင်ရာသက်သေခံပိုင်ခွင့်ရှိသူအချို့သည် စာချုပ်စာတမ်းကိုသက်သေခံလက်မှတ် ထိုးရန်အတွက် အခကြေးငွေတောင်းခံမည်ဖြစ်သော်လည်း ထိုးမြဲလက်မှတ်တစ်ခုလျှင် 10 ဒေါ်လာ ထက် ပို၍ မပေးရပါ။ ဤစာရွက်စာတမ်းများအတွက် သင့်အား 10 ဒေါ်လာထက် ပို၍မတောင်းခံ သင့်ပါ။ ဖောင်ကို သက်သေခံလက်မှတ်ထိုးပေးရန်အတွက် သင်ဘဏ်သို့သွားသောအခါ သင့်အနေ ဖြင့် ဓာတ်ပုံ ID တစ်ခုကို ယူဆောင်သွားရပါမည်။

# Power of Attorney Delegating Parental Powers for Minor Child(ren) အရွယ်မရောက်သေးသော ကလေး(များ)အတွက် မိဘဖြစ်သူ၏လုပ်ပိုင်ခွင့် အာဏာများကို လွှဲအပ်ခြင်းဆိုင်ရာကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာ

OF/DE: ______________________________

Name of Parent/Principal / *မိဘဖြစ်သူ/အိမ်ထောင်ဦးစီး၏အမည်*

TO/PARA: ______________________________

Name of Attorney in Fact / *ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူ၏အမည်*

I, as principal and as the parent of the minor child or children named below, designate the person named above to be my attorney in fact. Under Indiana Code § 29-3-9-1, I delegate to the attorney in fact any and all parental powers regarding the health care, support, custody, education, and property for the child or children named below except the power to consent to the marriage or adoption of the child or children named below. The child or children named below shall be collectively referred to in this Power of Attorney as the "Child(ren)".
*အောက်ပါ အမည်ရှိသော အရွယ်မရောက်သေးသည့်ကလေး သို့မဟုတ် ကလေးများ၏ မိဘအနေဖြင့်နှင့် အိမ် ထောင်ဦးစီးအနေဖြင့် ကျွန်ုပ်သည် အထက်ဖော်ပြပါ အမည်ရှိသောပုဂ္ဂိုလ်အား ကျွန်ုပ်၏ကိုယ်စားဆောင်ရွက် ပိုင်ခွင့်ရှိသူအဖြစ် ခန့်အပ်ပါသည်။ အင်ဒီးယားပြည်နယ်ကျင့်ထုံးဥပဒေ § 29-3-9-1 အရ ကျွန်ုပ်သည် အောက်ပါ အမည်ရှိသော ကလေး သို့မဟုတ် ကလေးများအား မွေးစားခြင်း သို့မဟုတ် ကလေးများ၏ ထိမ်းမြားလက်ထပ်ခြင်း ဆိုင်ရာ သဘောတူခွင့်ပြုခြင်းမှတစ်ပါး အောက်ပါအမည်ရှိသော ကလေး သို့မဟုတ် ကလေးများနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှု၊ ပံ့ပိုးထောက်ပံ့မှု၊ အုပ်ထိန်းမှု၊ ပညာရေးနှင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မိဘဖြစ်သူ၏ လုပ်ပိုင်ခွင့်အာဏာအားလုံးကို ကျွန်ုပ်အနေဖြင့် ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူအား လွှဲအပ်ပါသည်။ အောက်ပါ အမည်ရှိသော ကလေး သို့မဟုတ် ကလေးများကို ဤကိုယ်စားလှယ်လွှဲစာတွင် "ကလေး(များ)" အဖြစ် တစ်ပေါင်းတစ်စည်းတည်း ရည်ညွှန်းခေါ်ဆိုသွားမည် ဖြစ်ပါသည်။*

| **Name of Child / *ကလေး၏အမည်*** | **Date of Birth of Child / *ကလေး၏မွေးသက္ကရာဇ်*** |
|---|---|
| | |
| | |
| | |
| | |
| | |
| | |

Contact information for attorney in fact (a change in contact information does not invalidate this Power of Attorney) -
*ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူထံသို့ ဆက်သွယ်ရမည့် အချက် အလက်များ (ဆက်သွယ်ရမည့်အချက်အလက်နှင့်ပတ်သက်၍ အပြောင်းအလဲတစ်စုံတစ်ရာကြောင့် ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာကို ပျက်ပြယ်စေမည်မဟုတ်ပါ)။*

The express purpose of this Power of Attorney is to allow the attorney in fact to do all things necessary for the Child(ren)'s care. This delegation of parental power includes but is not limited to the following powers:
*အဆိုပါကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာ၏အဓိကရည်ရွယ်ချက်မှာ ကလေး(များ) အား ပြုစုစောင့် ရှောက်ပေးရန်အတွက် အမှန်တကယ်လိုအပ်သော အရာအားလုံးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူကို ခွင့်ပြုပေးရန်ဖြစ်ပါသည်။ အဆိုပါမိဘဖြစ်သူ၏ လုပ်ပိုင်ခွင့် အာဏာကိုလွှဲအပ်ခြင်းတွင် အောက်ပါလုပ်ပိုင်ခွင့်အာဏာများ၊ အစရှိသည်တို့ ပါဝင်ပါသည်။*

1. All medical, dental, and other health care-related matters, including but not limited to consenting to medical treatment and authorization to receive all medical records and information. The attorney in fact shall have general authority with respect to all health care matters for the Child(ren) as described in Indiana Code § 30-5-5-16, and I appoint the attorney in fact to serve as the health care representative for the Child(ren) pursuant to Indiana § Code 16-36-1, et seq.
*ဆေးကုသမှုခံယူရန် သဘောတူခွင့်ပြုပေးခြင်းနှင့် ဆေးမှတ်တမ်းအားလုံးနှင့် အချက်အလက်အားလုံး ကို လက်ခံရရှိရန် ခွင့်ပြုချက်၊ အစရှိသည်တို့ အပါအဝင် ဆေးဘက်ဆိုင်ရာ၊ သွားနှင့်ခံတွင်းဆိုင်ရာနှင့် အခြားသောကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်အားလုံး။ ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူတွင် အင်ဒီးယားနားပြည်နယ် ကျင့်ထုံးဥပဒေ § 30-5-5-16 တွင်ဖော်ပြထားသည့် အတိုင်း ကလေး (များ) အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်အားလုံး နှင့်စပ်လျဉ်း၍ အထွေထွေလုပ်ပိုင် ခွင့်အာဏာရှိစေမည်ဖြစ်ပြီး အင်ဒီးယားနားပြည်နယ် § ကျင့်ထုံးဥပဒေ 16-36-1 အရ ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိုယ်စားဆောင်ရွက်သူအဖြစ် တာဝန်ထမ်းဆောင်ရန် ကျွန်ုပ်၏ ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူအား ကျွန်ုပ်ခန့်အပ်ပါသည်။*

2. All education and school-related matters, including but not limited to enrolling the Child(ren) in school and school-related programs, attending school functions and meetings, authorization to sign consent and waiver forms, and authorization to receive all school-related documents and information.
*စာသင်ကျောင်းနှင့်စာသင်ကျောင်းဆိုင်ရာပရိုဂရမ်များတွင် ကလေး(များ)အား စာရင်းသွင်းခြင်း၊ စာသင် ကျောင်းဆိုင်ရာလုပ်ငန်းဆောင်တာများနှင့် အစည်းအဝေးများတက်ရောက်ခြင်း၊ သဘောတူညီချက် ဖောင်များနှင့် တောင်းဆိုပိုင်ခွင့်များကိုစွန့်လွှတ်သည့်ဖောင်များကို လက်မှတ်ရေးထိုးရန် ခွင့်ပြုချက်နှင့် စာသင်ကျောင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများနှင့် အချက်အလက်အားလုံးကို လက်ခံရယူရန် ခွင့်ပြုချက်၊ အစရှိသည်တို့ အပါအဝင် ပညာရေးနှင့် စာသင်ကျောင်းနှင့်ပတ်သက်သော ကိစ္စရပ် အားလုံး။*

3. All matters related to Medicaid, Hoosier Healthwise, or any other health insurance, Supplemental Nutrition Assistance Program (SNAP) benefits, Social Security and Supplemental Security Income (SSI) benefits, and all other benefits for the Child(ren). The attorney in fact shall be appointed as the authorized representative for any such benefits for the Child(ren).
*Medicaid၊ Hoosier Healthwise ဆိုင်ရာကိစ္စရပ်အားလုံး သို့မဟုတ် အခြားသောကျန်းမာရေးအာမခံ၊ ဖြည့်စွက်အာဟာရဆိုင်ရာအကူအညီပေးသည့်ပရိုဂရမ် (SNAP) နှင့်ပတ်သက်သည့် အကျိုးခံစားခွင့် များ၊ လူမှုဖူလုံရေးနှင့် ဝင်ငွေဖူလုံရေးဆိုင်ရာ (SSI) ဖြည့်စွက်အကျိုးခံစားခွင့်များနှင့် ကလေး(များ) အတွက် အခြားသောအကျိုးခံစားခွင့်အားလုံး။ ကလေး(များ) အတွက် အထက်ပါကဲ့သို့သော အကျိုးခံ စားခွင့်များရရှိနိုင်ရန်အတွက် သင့်ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူကို လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့်ကိုယ် စားဆောင်ရွက်သူအဖြစ် ခန့်အပ်ရမည်။*

4. Travel with the Child(ren), including travel outside of the United States of America. The attorney in fact has permission and authority to apply for a passport, visa, and any other travel document for the Child(ren).
*အမေရိကန်ပြည်ထောင်စု ပြင်ပသို့ ခရီးထွက်ခြင်းအပါအဝင် ကလေး(များ)နှင့်အတူ ခရီးထွက်ခြင်း။ ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူ တွင် ကလေး(များ) အတွက် နိုင်ငံကူးလက်မှတ်၊ ဗီဇာနှင့် ခရီး သွားခြင်းဆိုင်ရာအခြားသောစာရွက် စာတမ်း တစ်ခုခုအတွက် လျှောက်ထားနိုင်သည့် ခွင့်ပြုချက်နှင့် လုပ်ပိုင်ခွင့် ရှိပါသည်။*

5. Any and all other actions that may be necessary for the care and benefit of the Child(ren), except the power to consent to the marriage or adoption of the Child(ren).
*ကလေး(များ) ၏ ထိမ်းမြားလက်ထပ်ခြင်း သို့မဟုတ် ကလေး(များ) ကို မွေးစားခြင်းအား သဘောတူခွင့် ပြုခြင်းမှတပါး ကလေး(များ)အား ပြုစုစောင့်ရှောက်ရန်နှင့် အကျိုးခံစားခွင့်ရရှိစေရန်အတွက် လိုအပ် သော မည်သည့်လုပ်ဆောင်ချက်များကိုမဆို နှင့် အခြားသောလုပ်ဆောင်ချက်အားလုံး။*

This Power of Attorney shall become effective immediately upon: 1) my detention by U.S. immigration authorities or by any other federal, state or local law enforcement authorities, or 2) my deportation (removal) from the United States of America. A statement by the attorney in fact that any of the preceding events have occurred shall be sufficient to verify that this Power of Attorney is in effect. This Power of Attorney shall be effective for a period of twelve (12) months after its effective date.
*အဆိုပါ ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာသည် - ၁) ကျွန်ုပ်အား အမေရိကန်ပြည်ထောင်စုလူဝင်မှု ကြီးကြပ်ရေးအာဏာပိုင်များမှ သို့မဟုတ် အခြားသော ဗဟိုအစိုးရ၊ ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာ တရားဥပဒေစိုးမိုးရေးအာဏာပိုင်များမှ ကျွန်ုပ်အား ဖမ်းဆီးထိန်းသိမ်းထားခြင်း သို့မဟုတ် 2) ကျွန်ုပ်အား အမေရိကန်ပြည်ထောင်စုမှ ပြည်နှင်ဒဏ်ပေးခြင်း (ဖယ်ရှားခြင်း) များနှင့်ပတ်သက်၍ ချက်ချင်းအကျုံးဝင်မှု ရှိလာမည်ဖြစ်သည်။ ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာသည် အကျုံးဝင်မှုရှိကြောင်း အတည်ပြုနိုင် ရန်အတွက် ယခင်က ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တစ်ခုခုနှင့် ပတ်သက်၍ ရှေ့နေမှ*

*ထုတ်ပြန်သည့် ထုတ်ပြန်ချက်သည် လုံလောက်မှု ရှိရမည်။  ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာကို ၎င်းလွှဲစာစတင်အကျုံးဝင်သည့်နေ့စွဲမှစ၍ တစ်ဆယ့်နှစ် (12) လ အတွင်း အကျုံးဝင်စေမည်ဖြစ်သည်။*

I am not waiving or surrendering any parental rights or authority that I have regarding the Child(ren) by executing this Power of Attorney. I reserve unto myself the power to act on my own behalf regarding the Child(ren). I may revoke or amend this Power of Attorney at any time by signing a written document that revokes or amends this Power of Attorney.
*အဆိုပါ ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာကို တရားဝင်ဖြစ်စေခြင်းဖြင့် ကလေး(များ) နှင့် ပတ်သက်၍ ကျွန်ုပ်တွင်ရှိသော မိဘဖြစ်သူ၏အခွင့်အရေး များ သို့မဟုတ် လုပ်ပိုင်ခွင့်ကို ကျွန်ုပ်အနေဖြင့် စွန့်လွှတ်ထား ခြင်းမရှိပါ သို့မဟုတ် လက်လွှတ်လိုက်ခြင်းမရှိပါ။ ကလေး(များ) နှင့်ပတ်သက်၍ ကျွန်ုပ်၏ ကိုယ်စားဆောင် ရွက်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာကို ကျွန်ုပ်၏လက်ဝယ်တွင်ထားရှိထားပါသည်။ အဆိုပါကိုယ်စားဆောင် ရွက်ခွင့်ပြုသည့်လွှဲစာကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ချက်ထုတ်ခြင်းဆိုင်ရာစာဖြင့်ရေးသား ထားသော စာရွက်တမ်းတစ်စောင်ကို လက်မှတ်ရေးထိုးခြင်းဖြင့် အဆိုပါကိုယ်စားဆောင်ရွက်ခွင့်ပြုသည့် လွှဲစာကို ကျွန်ုပ်အနေဖြင့် အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်ပါသည် သို့မဟုတ် ပြင်ဆင်ချက်ထုတ်နိုင်ပါ သည်။*

The attorney in fact does not have authority to consent to adoption or marriage of the Child(ren). *ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူတွင် ကလေး(များ)ကို မွေးစားခြင်း သို့မဟုတ် ကလေး(များ) ၏လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်၍ သဘောတူခွင့်ပြုနိုင်သည့်လုပ်ပိုင်ခွင့်မရှိပါ။*

The attorney in fact shall communicate with me regarding the Child(ren), and shall ensure that the Child(ren) communicate with me, at all times to the extent reasonably possible. The attorney in fact shall provide me with the current address and other contact information of the Child(ren) and the attorney in fact at all times.
*ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူအနေဖြင့် ကလေး(များ) နှင့် ပတ်သက်၍ ကျွန်ုပ်နှင့် ဆက်သွယ် ရမည်ဖြစ်ပြီး ကလေး(များ) နှင့် ပတ်သတ်၍ ကျွန်ုပ်နှင့် ဖြစ်နိုင်သည့် အတိုင်းအတာအထိ ကလေး(များ) သည် အချိန်တိုင်း ကျွန်ုပ်နှင့် ဆက်သွယ်ကြောင်း သေချာအောင် လုပ်ဆောင်ရမည် ဖြစ်သည်။ ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူအနေဖြင့် ကလေး (များ) နှင့် ၎င်း၏ လက်ရှိနေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့်အခြားအချက်အလက်များကို ကျွန်ုပ်အား အချိန်မရွေး ပေးဆောင်ရမည်ဖြစ်သည်။*

If it becomes necessary to file a petition for guardianship of the Child(ren), then I request that the attorney in fact in this Power of Attorney be named as the Child(ren)'s guardian, to serve without bond as may be permitted by law.
*ကလေး(များ)အား အုပ်ထိန်းခွင့်ရရန်အတွက် အသနားခံစာတစ်စောင်တင်သွင်းရန်လိုအပ်ပါက အဆိုပါ ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာဖြင့် ကလေး (များ)၏ အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားသည့် ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူအား ဥပဒေအရ ခွင့်ပြုနိုင်သည့်အတိုင်း  ခံဝန်ချက်လက်မှတ် မပါဘဲ ဆောင်ရွက်ရန် ကျွန်ုပ် မေတ္တာရပ်ခံအပ်ပါသည်။*

_______________________________________________

Name of Successor Attorney in Fact / *ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ကိုဆက်ခံမည့်သူ၏အမည်*

If the primary attorney in fact fails to serve or ceases to serve as the attorney in fact, then I designate the person named above to be my successor attorney in fact with all of the powers granted by this Power of Attorney document to my original attorney in fact.
*အကယ်၍ ကျွန်ုပ်၏ကိုယ်စားအဓိကဆောင်ရွက်ပိုင်ခွင့်ရှိသူသည် ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့် ရှိသူအဖြစ် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သို့မဟုတ် တာဝန်ထမ်းဆောင်ရန် ရပ်စဲထားပါက ကျွန်ုပ်၏ကိုယ်စားမူလဆောင်ရွက်ပိုင်ခွင့်ရှိသူအား အဆိုပါကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာဆိုင်ရာ စာရွက်စာတမ်းဖြင့် ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်အာဏာအားလုံးကို အထက်ဖော်ပြပါအမည်ရှိသော ပုဂ္ဂိုလ်အားလွှဲအပ်ခြင်းဖြင့် ကျွန်ုပ်၏ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသည့်ဆက်ခံသူအဖြစ် ခန့်အပ်ပါသည်။*

_______________________________________________ _______________________________

Principal's Signature | Date
*ကိုယ်စားဆောင်ရွက်ပေးသူ၏လက်မှတ်* | *ရက်စွဲ*

STATE OF INDIANA, COUNTY OF_______________________________________________:
*အင်ဒီးယားနားပြည်နယ်၊*______________________________ ခရိုင် -

Before me, a Notary Public in and for said County and State, personally appeared the principal named above who signed the foregoing Power of Attorney in my presence and acknowledged the execution of it as a free and voluntary act on this ____________________________________________day of__________________________, 20_.
*ကျွန်ုပ်၏ ရှေ့မှောက်တွင် ဆိုခဲ့သည့် ကောင်တီနှင့် ပြည်နယ်တွင်နှင့် ၎င်းတို့အတွက် စာချုပ်စာတမ်း သက်သေခံရှေ့နေသည် ကျွန်ုပ်၏ ရှေ့တွင် အထက်ဖော်ပြပါ ကိုယ်စားလှယ်လွှဲစာကို လက်မှတ်ရေးထိုးခဲ့သည့် အထက်ဖော်ပြပါ အမည်ရှိသည့် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးသူ ကိုယ်တိုင် ရောက်ရှိ၍ အချုပ်အချယ် ကင်းကင်းဖြင့် မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ခဲ့သည်ဆိုသည်ကို ဤ __________20 ခုနှစ်၏________________ နေ့ရက်တွင် အတည်ပြုခဲ့ပါသည်။*

________________________________________

Signature of Notary Public

*စာချုပ်စာတမ်းဆိုင်ရာသက်သေခံ ပိုင်ခွင့်ရှိသူ၏လက်မှတ်*

My Commission Expires: ________________________________

*ကျွန်ုပ်၏တရားဝင်သွန်ကြားချက် သက်တမ်းကုန်ဆုံးမည့်ရက် -* ______________

________________________________________

Printed Name of Notary Public

*စာချုပ်စာတမ်းဆိုင်ရာသက်သေခံ ပိုင်ခွင့်ရှိသူ၏နာမည်စာလုံးအကြီး*

Resident of_____________________________County, IN.

______________*ကောင်တီ၊ IN တွင် နေထိုင်သူ*

မြန်မာဘာသာဖြင့်ရေးသားထားသည့်ဤအချက်အလက်များကို နောက်စာမျက်နှာတွင် တွေ့နိုင်ပါသည်။

## What to do after you sign the power of attorney form

After the form is notarized, it is official! You don’t need to give a copy to a court or the government, but you should:

1. Give a copy of the form to the attorney in fact.

2. Keep the original copy of the form in a safe place. It is a good idea to save a clear picture of the form in your email, phone, or cloud storage.

Even though this form is official, you or the attorney in fact may need other forms later. If your child goes to public school, the attorney in fact will need an Indiana Department of Education Form 2 to enroll the child in school. That form is at https://www.in.gov/doe/home/other-legal-forms. There are separate forms to get a passport and to travel outside of the United States

**How long does this form last?**
The form lasts for 12 months from when you are detained or deported. This means you may need to sign new forms if you are detained and then released. If you sign new forms, destroy all old documents.

**Can I change my mind?**
YES. You may revoke (or end) this document at any time in writing. This is called a revocation. To revoke the POA:

1. Write “I now revoke the Power of Attorney Delegating Parental Powers for Minor Child that I granted to [insert name of attorney in fact] and that I signed on [insert the date that you previously signed the Power of Attorney document], effective immediately.”

2. Sign and print your name and write the date on which you are signing the revocation.

3. Give a copy of this written revocation to the attorney in fact. The Power of Attorney will not be revoked until you tell the attorney in fact that it has been revoked.

4. Give a copy of the written revocation to your child(ren)’s school and doctors if they were given a copy of the power of attorney by you or the attorney in fact.

# Other Safety Planning

## အခြားဘေးကင်းရေးစီမံချက်

**Ifyouareundocumentedoratriskofdetentionordeportation,herearesome things you can do to protect yourself and your family.**

**What else can I do for my children?**

- ✓ Makealistofpeopletocallincaseofanemergency,includingattorneysand consulates.
- ✓ Givetheattorneyinfactyourchild(ren)'smedicalinformationlikethefoodand medicineyourchildisallergicto,the medicinesyourchildtakes,thenameofyour child's doctors, and when your child's next checkups are due.
- ✓ Give the attorney in fact your child(ren)'s school information like how to contact the school, who their teachers are, and routines for your children.
- ✓ Lettheattorneyinfactknowthingsthatwillhelpyourchild(ren)adjustliketheir favorite foods, toy, and hobbies.
- ✓ Make sure schools have updated emergency contact information.
- ✓ Get US-born children Passports and register their birth with your consulate.
- ✓ Havealistofyourandyourfamily'snon-citizennumbers.Thisisanine-digit numberbeginningwithan"A".Youcanuse thisnumbertolocatepeoplewho have been detailed at https://locator.ice.gov/odls/#/search

**Collectandorganizedocumentsyouwillneedifyouaredetainedordeported and keep an electronic copy on your phone, email or cloud storage.**

- ✓ Identification like passports, photo IDs and birth certificates
- ✓ Immigration Records, including applications or notices from immigration authorities
- ✓ Medical Records, including prescription information, treatment and medical conditions
- ✓ Financial Records like Bank statements, pay stubs and tax filings. Set up online banking
- ✓ LegalRecordssuchasMarriagecertificates,divorceorders,custodyagreements

**Carry proof of your immigration status or pending application**

This can be a LPR/"green card" or approval notice or work authorization.

**Donotcarryaforeignpassportifyoudonothavelawfulimmigrationstatusin the US.**

**Beware of notaries**

IntheUnitedStates,anotarypubliccertifiesofficialdocumentsbutusuallyarenota lawyer.Donotrelyonlegaladvicefroma notarypublicthatisnotanattorney.You see if someone is a licensed Indiana Attorney at https://courtapps.in.gov/rollofattorneys

**Attend all immigration court hearings**

Thosewhohavehearingssetinimmigrationcourtmustattend.Butonlypeoplewho areinproceedingsshouldgo.Donotbring peopletocourtwhodonothavelawful immigration status. You can check the status of immigration court hearings at https://acis.eoir.justice.gov/en/

# ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာဖောင်ကို သင်လက်မှတ်ထိုး ပြီးနောက် မည်သည့်အရာများကို လုပ်ဆောင်ရမည်နည်း

ဖောင်ကို သက်သေခံလက်မှတ်ထိုးပြီးပါက ၎င်းဖောင်သည် တရားဝင်ဖြစ်ပါသည်။ တရားရုံးတစ်ခု သို့မဟုတ် အစိုးရဌာနသို့ မိတ္တူတစ်စောင်ပေးရန် မလိုအပ်ပါ၊ သို့သော် သင်သည် -

1. သင့်ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူထံသို့ ဖောင်မိတ္တူတစ်စောင်ကို ပေးပါ။
2. ဖောင်၏မူရင်းမိတ္တူကို လုံခြုံစိတ်ချရသောနေရာတစ်ခုတွင် ထားပါ။ သင့်အီးမေးလ်၊ ဖုန်း သို့မဟုတ် cloud ထဲရှိသိုလှောင်သည့်နေရာတွင် ဖောင်၏ကြည်လင်သောပုံတစ်ပုံကို သိမ်းဆည်းထားပါက စိတ်ကူးကောင်းတစ်ခုဖြစ်ပါသည်။

ဤဖောင်သည် တရားဝင်ဖြစ်သော်လည်း သင် သို့မဟုတ် သင့်ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူသည် နောက် ပိုင်းတွင် အခြားဖောင်များကို လိုအပ်နိုင်ပါသည်။ အကယ်၍ သင့်ကလေးသည် အစိုးရကျောင်းတက်နေပါက သင့်ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူသည် ကလေးအား စာသင်ကျောင်းတွင်စာရင်းသွင်းရန် Indiana Department of Education Form 2 ကို လိုအပ်မည်ဖြစ်ပါသည်။ ၎င်းဖောင်သည် https://www.in.gov/doe/home/other-legal-forms တွင် ရှိပါသည်။ အထက်ပါလင့်တွင် နိုင်ငံကူးလက် မှတ်ရရန်နှင့် အမေရိကန်ပြင်ပသို့ ခရီးသွားနိုင်ရန်အတွက် သီးခြားဖောင်များ ပါရှိပါသည်။

**ဤ ဖောင်သည်သက်တမ်းမည်မျှရှိပါသနည်း။**

သင် ဖမ်းဆီးထိန်းသိမ်းခံရသည့်အချိန်မှစ၍ သို့မဟုတ် ပြည်နှင်ဒဏ်ပေးခံရသည့်အချိန်မှစ၍ ဖောင်သည် 12 လအထိ သက်တမ်းရှိပါသည်။ ဆိုလိုသည်မှာ သင် ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် သင့်အားပြန် လွှတ်ပေးခဲ့ပါက ဖောင်အသစ်များကို သင်လက်မှတ်ရေးထိုးရန် လိုအပ်နိုင်သည်ဟု ဆိုလိုပါသည်။ ဖောင်အသစ်များကို သင် လက်မှတ်ထိုးပါက စာရွက်စာတမ်းဟောင်းအားလုံးကို ဖျောက်ဖျက်ပစ်ပါ။

**ကျွန်ုပ်စိတ်ကို ပြောင်းနိုင်ပါသလား။**

ပြောင်းနိုင်ပါသည်။ ဤစာရွက်စာတမ်းကို စာဖြင့်ရေးသား၍ အချိန်မရွေး သင် ရုပ်သိမ်းနိုင်ပါသည် (သို့မ ဟုတ်) အဆုံးသတ်နိုင်ပါသည်။ အောက်ပါကို ရုပ်သိမ်းခြင်းဟု ခေါ်ပါသည်။ ကိုယ်စားဆောင်ရွက်ခွင့်ပြု သည့်လွှဲစာ (POA) ကို ရုပ်သိမ်းရန် -

1. ကျွန်ုပ်အနေဖြင့် [insertnameofattorneyinfact]အား အရွယ်မရောက်သေးသည့် ကလေးအတွက် လွှဲအပ်ထားသည့် မိဘဖြစ်သူ၏လုပ်ပိုင်ခွင့်များနှင့် [insert the date that you previously signed the Power of Attorney document] အား ချက်ချင်းအကျုံး ဝင်စေရန်အတွက် ကျွန်ုပ်လက်မှတ်ရေးထိုးထားသည်ကို ယခုပင် ရုပ်သိမ်းလိုက်ပါပြီဟု ရေးသား ပါ။
2. သင့်အမည်ကို လက်မှတ်ရေးထိုး၍ပုံနှိပ်ပြီး ရုပ်သိမ်းကြောင်း သင် လက်မှတ်ရေးထိုးထားသည့် ရက်စွဲကို ရေးပါ။
3. အဆိုပါစာဖြင့်ရေးသားထားသော ရုပ်သိမ်းစာမိတ္တူတစ်စောင်ကို သင့်ကိုယ်စားဆောင်ရွက်ပိုင် ခွင့်ရှိသူထံသို့ပေးပါ။ ရုပ်သိမ်းလိုက်ကြောင်း သင့်ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူကို သင် မပြောပြ မချင်း ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာကို ရုပ်သိမ်းနိုင်မည်မဟုတ်ပါ။
4. အကယ်၍ သင့်ကလေး(များ)၏စာသင်ကျောင်းနှင့် ဆရာဝန်များထံသို့ သင် သို့မဟုတ် သင့် ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူမှ ကိုယ်စားဆောင်ရွက်ခွင့်ပြုသည့်လွှဲစာ၏ မိတ္တူတစ်စောင်ကို ပေးထားပါက ၎င်းတို့အား စာဖြင့်ရေးသားထားသောရုပ်သိမ်းစာမိတ္တူတစ်စောင်ကိုလည်း ပေးထားပါ။

**အကယ်၍ သင်သည် အထောက်အထားမဲ့နေပါက သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းခံရနိုင်ခြေရှိပါက သို့မဟုတ် ပြည်နှင်ဒဏ်ခံရနိုင်ခြေရှိပါက အောက်ပါအချက်များသည် သင့်ကိုယ်သင် နှင့် သင့်မိသားစုကို ကာကွယ်နိုင် ရန်အတွက် သင်လုပ်ဆောင်နိုင်သည့် အချက်အချို့ဖြစ်ပါသည်။**

**ကျွန်ုပ်အနေဖြင့် ကျွန်ုပ်၏ကလေးများအတွက် အခြားမည်သည့်အရာများကိုလုပ်ဆောင်နိုင်ပါသနည်း။**

- ✓ ရှေ့နေများနှင့် ကောင်စစ်ဝန်ရုံးများအပါအဝင် အရေးပေါ်အခြေအနေတွင် ခေါ်ဆိုရမည့် သူစာရင်းကို ပြုလုပ်ပါ။

- ✓ သင့်ကလေးနှင့် ဓါတ်မတည့်သော အစားအစာများနှင့် ဆေးဝါးများ၊ သင့်ကလေး သောက်နေသော ဆေးဝါးများ၊ သင့်ကလေး၏ ဆရာဝန်များ၏ အမည်နှင့် သင့်ကလေး နောက်တစ်ကြိမ် ဆေးစစ်ရမည့်သတ်မှတ်နောက်ဆုံးရက် ကဲ့သို့သော သင့် ကလေး (များ)၏ ဆေးဘက်ဆိုင်ရာအချက်အလက်များကို သင့်ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူ ထံသို့ ပေးထားပါ။

- ✓ သင့်ကလေး (များ) ၏ စာသင်ကျောင်းသို့မည်သို့ဆက်သွယ်ရန်၊  သင့်ကလေး(များ)၏ ဆရာများသည်မည်သူတို့ဖြစ်သည်ဆိုသည် နှင့် သင့်ကလေးများအတွက် ပုံမှန်လုပ်ရ မည့်အရာများကဲ့သို့သော  ၎င်းတို့၏စာသင်ကျောင်းဆိုင်ရာ အချက်အလက်များကို သင့်ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူထံသို့ ပေးထားပါ။

- ✓ သင့်ကလေး(များ) ကြိုက်နှစ်သက်သည့်အစားအစာများ၊ ကစားစရာအရုပ်နှင့် ဝါသနာ များကို ချိန်ညှိရာတွင် ၎င်းတို့အားအထောက်အကူဖြစ်စေမည့် အရာများကို သင့်ကိုယ် စားဆောင်ရွက်ပိုင်ခွင့်ရှိသူအား သိပိုင်ခွင့်ပေးထားပါ။

- ✓ စာသင်ကျောင်းများတွင် အရေးပေါ်ဆက်သွယ်မည့်အချက်အလက်များကို အပ်ဒိတ် လုပ်ထားကြောင်း သေချာပါစေ။

- ✓ အမေရိကန်နိုင်ငံဖွား ကလေးများအတွက်နိုင်ငံကူးလက်မှတ် ရယူထားပြီး ၎င်းတို့၏ မွေး ဖွားမှုကို သင့်ကောင်စစ်ဝန်ရုံးတွင် အမည်စာရင်းသွင်းထားပါ။

- ✓ သင်နှင့် သင့်မိသားစု၏ နိုင်ငံသားမဟုတ်သူများအတွက်သတ်မှတ်ထားသောနံပါတ်များ ကို စာရင်းလုပ်ထားပါ။ ၎င်းနံပါတ်သည် "A" ဖြင့် အစပြုသော ဂဏန်းကိုးလုံးပါနံပါတ် တစ်ခုဖြစ်ပါသည်။ https://locator.ice.gov/odls/#/searchတွင် အသေးစိတ် ဖော်ပြထားသောသူများကိုရှာဖွေရန် အဆိုပါနံပါတ်ကို အသုံးပြုနိုင်ပါသည်။

**အကယ်၍ သင်သည် ဖမ်းဆီးထိန်းသိမ်းခံရပါက သို့မဟုတ် ပြည်နှင်ဒဏ်ပေးခံရပါက နှင့်  သင့်ဖုန်း၊ အီးမေးလ် သို့မဟုတ် cloud ထဲရှိသိုလှောင်သည့်နေရာတွင် အီလက်ထရွန်နစ်မိတ္တူတစ်စောင်ကို သိမ်းဆည်းထားပါက သင်လိုအပ်မည့်စာရွက်စာတမ်းများကို သိမ်းဆည်းစုစည်းထားပါ။**

- ✓ နိုင်ငံကူးလက်မှတ်များ၊ ဓာတ်ပုံ ID များ နှင့် မွေးစာရင်းများကဲ့သို့ သက်သေခံလက်မှတ်များ

- ✓ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များထံမှ လျှောက်လွှာများ သို့မဟုတ် သတိပေးချက်များ အပါအဝင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာမှတ်တမ်းများ

- ✓ ဆေးစာအချက်အလက်များ၊ ဆေးကုသမှုနှင့် ဆေးဘက်ဆိုင်ရာအခြေအနေများအပါအဝင် ဆေးမှတ် တမ်းများ

- ✓ ဘဏ်စာရင်းရှင်းတမ်းများ၊ ပေးဆောင်ထားသည့်ဖြတ်ပိုင်းများနှင့် အခွန်စာရွက်စာတမ်းများ ကဲ့သို့ သော ဘဏ္ဍာရေးမှတ်တမ်းများ။ အွန်လိုင်းဘဏ်စနစ်ကိုထည့်ထားပါ။

- ✓ လက်ထပ်စာချုပ်များ၊ ကွာရှင်းပြတ်စဲစာချုပ်များ၊ အုပ်ထိန်းခွင့်ဆိုင်ရာ သဘောတူညီချက်များ ကဲ့သို့ သော ဥပဒေရေးရာမှတ်တမ်းများ

**သင်၏ မှတ်ပုံတင် သို့မဟုတ် ဆိုင်းငံ့ထားသောလျှောက်လွှာဆိုင်ရာ အထောက်အထားကို ဆောင်ထားပါ**

အဆိုပါအထောက်အထားသည် **LPR/"**အစိမ်းရောင်ကတ်" သို့မဟုတ် ခွင့်ပြုချက်ဆိုင်ရာသတိပေးချက် သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာခွင့်ပြုချက်ဖြစ်နိုင်ပါသည်။

**<u>သင့်တွင် အမေရိကန်နိုင်ငံသုံးတရားဝင်မှတ်ပုံတင်မရှိထားပါက နိုင်ငံကူးလက်မှတ်ကို မသယ်သွားပါနှင့်။</u>**

**စာချုပ်စာတမ်းဆိုင်ရာသက်သေခံပိုင်ခွင့်ရှိသူများကို သတိပြုပါ**

အမေရိကန်ပြည်ထောင်စုတွင် စာချုပ်စာတမ်းဆိုင်ရာသက်သေခံပိုင်ခွင့်ရှိသူသည် တရားဝင်စာရွက်စာ တမ်းများဖြစ်သည်မှာ မှန်ကန်ကြောင်းသက်သေခံပေးသော်လည်း များသောအားဖြင့် ၎င်းတို့သည် ရှေ့နေ မဟုတ်ပေ။ ရှေ့နေမဟုတ်သော စာချုပ်စာတမ်းဆိုင်ရာသက်သေခံပိုင်ခွင့်ရှိသူထံမှ ဥပဒေရေးရာအကြံ ဉာဏ်ကို အားမကိုးပါနှင့်။ တစ်စုံတစ်ယောက်သည် အင်ဒီးယားပြည်နယ်ရှိ လိုင်စင်ရရှေ့နေတစ်ဦး ဟုတ်၊ မဟုတ် သိရှိလိုပါက https://courtapps.in.gov/rollofattorneys တွင် သင်သိရှိနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးဆိုင်ရာတရားရုံးမှပြုလုပ်သည့်ကြားနာပွဲအားလုံးကို တက်ရောက်ပါ**

ကြားနာစစ်ဆေးမှုခံယူရမည့်သူများသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာတရားရုံးသို့ တက်ရောက်ရမည် ဖြစ်သည်။ သို့သော် တရားစွဲခံရသူများသာ တက်ရောက်ရမည်ဖြစ်သည်။ တရားဝင်မှတ်ပုံတင်မရှိသည့် သူများကို တရားရုံးသို့ ခေါ်မသွားရ။ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာတရားရုံး၏ကြားနာမှုအခြေအနေကို https://acis.eoir.justice.gov/en/ တွင် သင်စစ်ဆေးနိုင်ပါသည်။

NATIONAL IMMIGRATION LAW CENTER

# Know Your Rights Under the U.S. Constitution - No Matter Who is President

**Last updated April 2024**

No matter who is president, *everyone living in the U.S. has certain basic rights* under the U.S. Constitution. Undocumented immigrants have these rights, too. It is important that we all assert and protect our basic rights.

If you find you have to deal with Immigration and Customs Enforcement (ICE) or other law enforcement officers at home, on the street, or anywhere else, remember that you have the rights described in this factsheet. The factsheet also provides suggestions for what you should do to assert your rights.

- **You have the right to remain silent. You may refuse to speak to immigration officers.**
  - Don't answer any questions. You may also say that you want to remain silent.
  - Don't say anything about where you were born or how you entered the U.S.

- **Carry a know-your-rights card and show it if an immigration officer stops you.**
  - The card explains that you will remain silent and that you wish to speak with an attorney. You can use the card attached below.

- **Do not open your door.**
  - To be allowed to enter your home, ICE must have a warrant signed by a judge. Do not open your door unless an ICE agent shows you a warrant. (They almost never have one). If an ICE agent wants to show you a warrant, they can hold it against a window or slide it under the door. To be valid, the warrant must have your correct name and address on it.

- You do not need to open the door to talk with an ICE agent. Once you open the door, it is much harder to refuse to answer questions.

- **You have the right to speak to a lawyer.**
  - You can simply say, "I need to speak to my attorney."
  - You may have your lawyer with you if ICE or other law enforcement questions you.

- **Before you sign anything, talk to a lawyer.**
  - ICE may try to get you to sign away your right to see a lawyer or a judge. Be sure you understand what a document actually says *before* signing it.

- **Always carry with you any valid immigration document you have.**
  - For example, if you have a valid work permit or green card, be sure to have it with you in case you need to show it for identification purposes.
  - Do not carry papers from another country with you, such as a foreign passport. Such papers could be used against you in the deportation process.

- **If you are worried ICE will arrest you, let the officer know if you have children.**
  - If you are the parent or primary caregiver of a U.S. citizen or permanent resident who is under age 18, ICE *may* "exercise discretion" and let you go.

**ICE and other law enforcement officers may think they can get away with violating your rights**. Sometimes ICE officers lie to people to get them to open their doors or sign away their rights. If ICE detains you or you are concerned that they will conduct raids in your area, this is what you can do:

- **Create a safety plan.**
  - Memorize the phone number of a friend, family member, or attorney that you can call if you are arrested.

- If you take care of children or other people, make a plan to have them taken care of if you are detained.
- Keep important documents such as birth certificates and immigration documents in a safe place where a friend or family member can access them if necessary.
- Make sure your loved ones know how to find you if you are detained by ICE. They can use ICE's online detainee locator (https://locator.ice.gov/odls/homePage.do) to find an adult who is in immigration custody. Or they can call the local ICE office (https://www.ice.gov/contact/ero). Make sure they have your *alien registration number* written down, if you have one.
- You can call the Executive Office for Immigration Review (EOIR) hotline number at 1-800-898-7180 (toll-free) 24 hours a day, 7 days a week to get information on your case's status.

- **Report and document raids and arrests.**
  - If it is possible and safe for you to do so, take photos and videos of the raid or arrest. Also take notes on what happened.
  - Call United We Dream's hotline to report a raid: 1-844-363-1423.
  - Send text messages to 877877.

- **Find legal help.**
  - Nonprofit organizations that provide low-cost help can be found at www.immigrationlawhelp.org.
  - The immigration courts have a list of lawyers and organizations that provide free legal services: www.justice.gov/eoir/list-pro-bono-legal- service-providers-map.
  - At https://www.immi.org/en/Info/FindLegalHelp there is a search engine into which you type a zip code and then are given a list of all the legal services near you.
  - You can search for an immigration lawyer using the American Immigration Lawyers Association's online directory, www.ailalawyer.com.

- The National Immigration Project of the National Lawyers Guild also has an online find-a-lawyer tool: [https://nipnlg.org/work/find- attorney](https://nipnlg.org/work/find-attorney).

**KNOW YOUR RIGHTS!**

If you are stopped by immigration or the police:

- Hand this card to the officer and remain silent.
- The card explains that you are exercising your right to refuse to answer any questions until you have talked with a lawyer.

**To: Immigration or Other Officer**

Right now I am choosing to exercise my legal rights.

- I will remain **silent**, and I refuse to answer your questions.
- If I am detained, I have the right to contact an attorney **immediately**.
- I refuse to sign anything without advice from an attorney.

Thank you.

**NATIONAL IMMIGRATION LAW CENTER**

# မည်သူကပင်သမ္မတဖြစ်စေကာမူ - အမေရိကန်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သင့်အခွင့်အရေးများကို သိနားလည်ပါ

**ဧပြီလ 2024 ခုနှစ်တွင် နောက်ဆုံးအပ်ဒိတ်လုပ်ခဲ့သည်**

---

မည်သူကပင် သမ္မတဖြစ်စေကာမူ *အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သူတိုင်းတွင်* အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအရ *အခြေခံအခွင့်အရေးများရှိပါသည်။* အထောက်အထားမဲ့သည့်နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှရွှေ့ပြောင်းလာရောက်နေထိုင်သူများတွင်လည်း အဆိုပါအခွင့်အရေးများ ရှိပါသည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ အခြေခံအခွင့် အရေးများကို အခိုင်အမာကာကွယ်ရန် အရေးကြီးပါသည်။

အကယ်၍ သင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ထိန်းသိမ်းရေးဌာန (ICE) သို့မ ဟုတ် နေအိမ်တွင်၊ လမ်းပေါ်တွင် သို့မဟုတ် အခြားနေရာတစ်ခုခုတွင်ရှိသော အခြားဥပဒေ အရာရှိများနှင့် ဆက်ဆံရမည်ဆိုပါက ဤအချက်အလက်စာရွက်တွင် ဖော်ပြထားသော အခွင့် အရေးများ သင့်တွင်ရှိကြောင်း မမေ့ပါနှင့်။ အချက်အလက်စာရွက်တွင် သင်၏အခွင့်အရေး များကို အခိုင်အမာရရှိနိုင်ရန်အတွက် သင်လုပ်ဆောင်သင့်သည့်အရာများကိုလည်း အကြံပြု ချက်များပေးထားပါသည်။

- **နှုတ်ဆိတ်နေပိုင်ခွင့် သင့်တွင်ရှိသည်။ လူဝင်မှုကြီးကြပ်ရေးအရာရှိများနှင့် စကား ပြောရန် သင်ငြင်းဆိုနိုင်သည်။**
  - မည်သည့်မေးခွန်းများကိုမျှ မဖြေပါနှင့်။ သင် တိတ်တိတ်နေချင်တယ်လို့ လည်း သင်ပြောနိုင်ပါတယ်။
  - သင်မည်သည့်နေရာတွင်မွေးဖွားခဲ့သည် သို့မဟုတ် သင်မည်သို့ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်လာသည်ဆိုသည်နှင့် ပတ်သက်၍ မည်သည်ကိုမျှ မပြောပါနှင့်။

- **သင့်အခွင့်အရေးများကိုသိနားလည်ပါဆိုသည့်ကတ်ကို သယ်သွားပြီး လူဝင်မှုကြီး ကြပ်ရေးအရာရှိမှ သင့်အားဟန့်တားပါက ၎င်းကတ်ကိုပြပါ။**
  - ကတ်တွင် သင် နှုတ်ဆိတ်နေနိုင်သည်ဆိုသည့်အကြောင်းနှင့် ရှေ့နေတစ်ဦးနှင့် သင်စကားပြောလိုပါက ပြောနိုင်သည့်အကြောင်း  ရှင်းပြထားသည်။ အောက် ဖော်ပြပါကတ်ကို သင်အသုံးပြုနိုင်ပါသည်။

- **သင့်တံခါးကို မဖွင့်ပါနှင့်။**
  - သင့်နေအိမ်သို့ဝင်ရောက်ခွင့်ရရန် ICE တွင် တရားသူကြီးတစ်ဦးမှ လက်မှတ်ရေး ထိုးထားသော ဝရမ်းတစ်ခု ပါရှိရမည်။ ICE အေးဂျင့်တစ်ဦးသည် သင့်အား ဝရမ်း မပြမချင်း သင့်တံခါးကို မဖွင့်ပါနှင့်။ (သူတို့မှာ ဝရမ်းမရှိသလောက်ပါပဲ)။ ICE အေးဂျင့်တစ်ဦးမှ သင့်အား ဝရမ်းတစ်ခုကိုပြလိုပါက ၎င်းတို့သည် ပြတင်းပေါက် နှင့်မျက်နှာချင်းဆိုင်ဘက်မှနေ၍ ၎င်းဝရမ်းကို ကိုင်ထားနိုင်ပါသည် သို့မဟုတ် တံခါးအောက်မှနေ၍ ၎င်းဝရမ်းကို လျှိုထည့်၍ ပြနိုင်ပါသည်။ အခြေအမြစ်ရှိစေ ရန်အတွက် ၎င်းဝရမ်းပေါ်တွင် သင့်အမည်အမှန်နှင့် လိပ်စာအမှန် ပါရှိရမည်။

- ICE အေးဂျင့်တစ်ဦးနှင့် စကားပြောဆိုရန်အတွက် သင့်အနေဖြင့် တံခါးဖွင့်ရန် မလိုအပ်ပါ။ သင် တံခါးဖွင့်လိုက်သည်နှင့် မေးခွန်းများကိုဖြေဆိုရန်အတွက် ငြင်းဆန်ရန် ပိုခက်ခဲသွားပါမည်။

- **သင့်တွင် ရှေ့နေတစ်ဦးနှင့် စကားပြောပိုင်ခွင့်ရှိသည်။**
  - “ကျွန်တော်ရဲ့ ရှေ့နေနဲ့ ကျွန်တော်စကားပြောရမယ်” လို့ ရိုးရိုးလေး သင်ပြောနိုင်ပါတယ်။
  - သင့်အား ICE သို့မဟုတ် အခြားတရားဥပဒေစိုးမိုးရေးဌာနမှ မေးမြန်းလာပါက သင်နှင့်အတူ သင့်ရှေ့နေ ရှိနေနိုင်ပါသည်။

- **တစ်ခုခုကို သင်လက်မှတ်မထိုးခင် ရှေ့နေတစ်ဦးနှင့် ဆွေးနွေးပါ။**
  - ICE သည် ရှေ့နေတစ်ဦး သို့မဟုတ် တရားသူကြီးတစ်ဦးနှင့် သင်၏တွေ့ပိုင်ခွင့်ကို တရားဝင် စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးပေးရန် ကြိုးပမ်းနိုင် သည်။ လက်မှတ်ထိုးခြင်း*မပြုမီ* စာရွက်စာတမ်းတစ်ခုမှ အမှန်စင်စစ်ပြောပြ ထားသည့် အချက်များကို သင်နားလည်သဘောပေါက်ကြောင်း သေချာပါ စေ။

- **သင့်တွင်ရှိသော တရားဝင်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာစာရွက်စာတမ်းကို သင်နှင့်အ တူ အမြဲသယ်သွားပါ။**
  - ဥပမာအားဖြင့် သင့်တွင် တရားဝင်အလုပ်ပါမစ် သို့မဟုတ် အစိမ်းရောင်ကတ် ရှိပါက မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံခြင်းဆိုင်ရာရည်ရွယ်ချက်များ အတွက် ၎င်းကိုပြသရန်လိုအပ်ပါက သင်နှင့်အတူ ၎င်းကို ဆောင်ထားကြောင်း သေချာပါစေ။
  - နိုင်ငံကူးလက်မှတ်ကဲ့သို့သော အခြားနိုင်ငံမှ စာရွက်စာတမ်းများကို သင် နှင့်အတူ မသယ်သွားပါနှင့်။ ပြည်နှင်ဒဏ်ပေးရေး လုပ်ငန်းစဉ်တွင် သင့်အား ချေပရန် ၎င်းစာရွက်များကိုအသုံးပြုနိုင်ပါသည်။

- **ICE မှ သင့်အား ဖမ်းဆီးမည်ကို သင်စိုးရိမ်ပါက သင့်တွင် ကလေးများ ရှိ၊ မရှိကို အရာရှိအား အသိပေးပါ။**
  - အကယ်၍ သင်သည် အမေရိကန် နိုင်ငံသားတစ်ဦး သို့မဟုတ် အသက် 18 နှစ် အောက် အမြဲတမ်းနေထိုင်ခွင့်ရထားသူ၏ မိဘ သို့မဟုတ် အဓိကပြုစုစောင့် ရှောက်မှုပေးသူဖြစ်ပါက ICE သည် "တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်အာဏာ" ကို ကျင့်သုံးနိုင်ပြီး သင့်ကို လွှတ်ပေးနိုင်ပါသည်။

ICE နှင့် အခြားသောဥပဒေအရာရှိများသည် သင့်အခွင့်အရေးများကို ချိုးဖောက်ပါ ကလည်း ၎င်းတို့အနေဖြင့်ထွက်ပြေးလွတ်မြောက်နိုင်သည်ဟု ယူဆနိုင်ပါသည်။ တစ်ခါတစ်ရံတွင် **ICE** အရာရှိများသည် အိမ်ထဲသို့ဝင်ရောက်နိုင်ရန်အတွက် လူပုဂ္ဂိုလ်များအား ၎င်းတို့၏ တံခါးများ ကိုဖွင့်ပေးရန် သို့မဟုတ် လူပုဂ္ဂိုလ်များအား ၎င်းတို့၏ အခွင့်အရေးများကို တရားဝင်စွန့်လွှတ် ကြောင်း လက်မှတ်ထိုးပေးရန် လူပုဂ္ဂိုလ်များကို လိမ်ညာတတ်ကြသည်။ အကယ်၍ **ICE** မှ သင့်အား ဖမ်းဆီးထိန်းသိမ်းပါက သို့မဟုတ် ၎င်းတို့သည် သင့်နယ်မြေအတွင်း ဝင်ရောက် စီးနင်းမည်ကို သင်စိုးရိမ်ပါက အောက်ပါအချက်များသည် သင်လုပ်ဆောင်နိုင်သည့် အချက် များဖြစ်သည် -

- **အန္တရာယ်ကင်းဘေးရှင်းရေးအစီအစဉ်တစ်ခုကို ဖန်တီးပါ။**
  - အကယ်၍ သင်ဖမ်းဆီးခံရပါက သင်ခေါ်ဆိုနိုင်သော သူငယ်ချင်းတစ်ဦး၊ မိသား စုဝင်တစ်ဦး သို့မဟုတ် ရှေ့နေတစ်ဦး၏ ဖုန်းနံပါတ်ကို အလွတ်ကျက်ထားပါ။
  - အကယ်၍ သင်သည် ကလေးများ သို့မဟုတ် အခြားသူများကို ပြုစုစောင့်ရှောက်နေ ပါက၊ သင် ဖမ်းဆီးထိန်းသိမ်းခံရပါက ၎င်းတို့အား ပြုစုစောင့်ရှောက်ပေးနိုင်မည့် အစီအစဉ်တစ်ခုကို ပြုလုပ်ပါ။
  - လိုအပ်ပါက သူငယ်ချင်း သို့မဟုတ် မိသားစုဝင်များ ဝင်ရောက်ကြည့်ရှုနိုင်သည့် လုံခြုံစိတ်ချရသောနေရာတစ်ခုတွင် မွေးစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရွက်စာတမ်းများကဲ့သို့သော အရေးကြီးစာရွက်စာတမ်းများကို သိမ်းဆည်း ထားပါ။
  - သင်သည် ICE ၏ ဖမ်းဆီးခြင်းကိုခံရပါက သင်၏ချစ်ရသူများသည် သင့်အား မည်သို့ရှာဖွေရမည်ဆိုသည်ကို သိနားလည်ကြောင်း သေချာပါစေ။ ၎င်းတို့သည် လူဝင်မှုကြီးကြပ်ရေးတွင် ထိန်းသိမ်းခံထားရသော အရွယ်ရောက်ပြီးသူတစ်ဦးအား ရှာဖွေရန် ICE မှ ထိန်းသိမ်းထားသူများ၏တည်နေရာကို အွန်လိုင်းဖြင့်ရှာဖွေနိုင် သည့် လင့်ဖြစ်သည့် (https://locator.ice.gov/odls/homePage.do) ကို အသုံး ပြုနိုင်ပါသည်။ သို့မဟုတ် ၎င်းတို့သည် ဒေသတွင်းရှိ ICE ရုံး (https://www.ice.gov/contact/ero) သို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။ သင့်တွင် နိုင်ငံခြားသားမှတ်ပုံတင်နံပါတ်ရှိပါက ၎င်းတို့သည် သင်၏ *နိုင်ငံခြားသား မှတ်ပုံတင်နံပါတ်*ကို ရေးမှတ်ထားကြောင်း သေချာပါစေ။
  - သင့်အမှု၏အခြေအနေနှင့်ပတ်သက်သည့်အချက်အလက်များကို ရယူနိုင်ရန် အ တွက် တစ်ရက်လျှင် 24 နာရီ၊ တစ်ပတ်လျှင် 7 ရက် ခေါ်ဆိုနိုင်သည့်(ခေါ်ဆိုခ အခမဲ့ဖြစ်သည့်ဖုန်းနံပါတ်) 1-800-898-7180 ကို နှိပ်၍ လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာကိစ္စရပ်များကိုပြန်လည်သုံးသပ်ပေးသည့်အမှုဆောင်အရာရှိရုံး (EOIR) ၏ ဟော့လိုင်းနံပါတ်သို့ သင်ခေါ်ဆိုနိုင်ပါသည်။

- **အစီရင်ခံစာနှင့် စာရွက်စာတမ်းများနှင့်ပတ်သက်၍ ဝင်ရောက်စီးနင်းမှုနှင့် ဖမ်းဆီးမှုများ**
  - ဝင်ရောက်စီးနင်းမှု သို့မဟုတ် ဖမ်းဆီးမှု နှင့်ပတ်သက်သည့် ဓါတ်ပုံများနှင့် ဗီဒီယို များကို ရိုက်ရန်မှာ သင့်အတွက် ဘေးကင်းမည်ဆိုပါကနှင့် ဖြစ်နိုင်မည်ဆိုပါက ယင်းဝင်ရောက်စီးနင်းမှု သို့မဟုတ် ဖမ်းဆီးမှုနှင့်ပတ်သက်သည့်ဓါတ်ပုံများနှင့် ဗီဒီယိုများကို ရိုက်ထားပါ။ ဖြစ်ပျက်ခဲ့သည့်အရာများကိုလည်း မှတ်စုရေးထားပါ။
  - ဝင်ရောက်စီးနင်းမှုတစ်ခုကို သတင်းပို့ရန် United We Dream ၏ ဟော့လိုင်းသို့ ခေါ်ဆိုပါ - 1-844-363-1423။
  - 877877 သို့ စာတိုများပေးပို့ပါ။

- **ဥပဒေရေးရာအကူအညီကိုရှာဖွေပါ။**
  - ကုန်ကျစရိတ်သက်သက်သာသာဖြင့် အကူအညီပေးနေသည့် အကျိုးအမြတ် မယူသော အဖွဲ့အစည်းများကို www.immigrationlawhelp.org တွင် ရှာဖွေနိုင်ပါသည်။
  - လူဝင်မှုကြီးကြပ်ရေးဆိုင်ရာတရားရုံးများတွင် ဥပဒေရေးရာ အခမဲ့ ဝန်ဆောင်မှု များကိုပေးဆောင်သည့် ရှေ့နေများနှင့် အဖွဲ့အစည်းများ၏ စာရင်းရှိသည် - www.justice.gov/eoir/list-pro-bono-legal- service-providers-map
  - https://www.immi.org/en/Info/FindLegalHelp တွင် စာတိုက်သင်္ကေတကို ရိုက်ထည့်၍ ရှာဖွေနိုင်သည့် ရှာဖွေရေးအင်ဂျင်တစ်ခုရှိပြီး ၎င်းတွင် သင့်အနီးနားရှိ ဥပဒေရေးရာဝန်ဆောင်မှုများပေးသည့်ဌာနအားလုံးကို စာရင်းပြုစုထားသည်။
  - အမေရိကန်ပြည်ထောင်စုရှိလူဝင်မှုကြီးကြပ်ရေးဆိုင်ရာရှေ့နေများအသင်း၏ အွန်လိုင်းလမ်းညွှန်ဖြစ်သော

www.ailalawyer.comကို အသုံးပြု၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာရှေ့နေတစ်ဦးကို သင်ရှာဖွေနိုင်ပါသည်။

- National Lawyers Guild ၏ အမျိုးသားလူဝင်မှုကြီးကြပ်ရေးစီမံကိန်းတွင် အွန်လိုင်းမှတဆင့်ရှေ့နေတစ်ဦးကို ရှာဖွေနိုင်သည့်လင့်တစ်ခုလည်း ပါရှိပါသည် - https://nipnlg.org/work/find-attorney

## သင့်အခွင့်အရေးများကို သိနားလည်ပါ

လူဝင်မှုကြီးကြပ်ရေးဌာန သို့မဟုတ် ရဲများမှ သင့်အား တားမြစ်ပါက -

- ဤကတ်ကို အရာရှိထံသို့ လွှဲပေးပြီး နှုတ်ဆိတ်နေပါ။
- ရှေ့နေတစ်ဦးနှင့် သင်ဆွေးနွေးမှုမပြီးမချင်း မေးခွန်းများကို ဖြေဆိုရန် ငြင်းဆိုပိုင်ခွင့်ကို သင်ကျင့်သုံးနိုင်သည်ဆိုသည်ကို ကတ်တွင် ရှင်းပြထားသည်။

**သို့ - လူဝင်မှုကြီးကြပ်ရေးဌာန သို့မဟုတ် အခြားအရာရှိ**

ကျွန်ုပ်၏တရားဝင်အခွင့်အရေးများကို ယခုချက်ချင်းအသုံးချနိုင်အောင် ကျွန်ုပ်ရွေးချယ်ထားပါသည်။

- ကျွန်ုပ်အနေဖြင့် **နှုတ်ဆိတ်**နေမည်ဖြစ်ပြီး သင့်မေးခွန်းများကို ဖြေဆိုရန် ကျွန်ုပ်ငြင်းဆိုပါမည်။
- အကယ်၍ ကျွန်ုပ်သည် ဖမ်းဆီးထိန်းသိမ်းခံရပါက ကျွန်ုပ်တွင် ရှေ့နေတစ်ဦးထံသို့ **ချက်ချင်း** ဆက်သွယ်ခွင့်ရှိသည်။
- ရှေ့နေတစ်ဦးထံမှ အကြံဉာဏ်မရယူဘဲနှင့် မည်သည့်အရာကိုမျှ ကျွန်ုပ်လက်မှတ်ရေးထိုးမည်မဟုတ်ပါ။

ကျေးဇူးတင်ပါတယ်